JUSTICE FOR MYANMAR

# သတင်းထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက် | မြန်မာ

## မြန်မာစစ်အုပ်စု၏ ဘဏ္ဍာငွေ၊ စစ်လက်နက်နှင့် လေယာဉ်ဆီရင်းမြစ်များအပေါ် ကနေဒါ၊ ယူကေနှင့် အမေရိကန်ပြည်ထောင်စုတို့က ပူးပေါင်းညှိနှိုင်း၍ ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်

တရားမဝင်မြန်မာစစ်အုပ်စု၊ ၎င်း၏ ခရိုနီများနှင့် စစ်လက်နက်ပွဲစားများအပေါ် ကနေဒါ၊ ယူကေနှင့် အမေရိကန် ပြည်ထောင်စုတို့အကြား ညှိနှိုင်းချမှတ်လိုက်သည့် ယခုနောက်ဆုံးအသုတ် ဒဏ်ခတ်ပိတ်ဆို့မှုများကို Justice For Myanmar က ကြိုဆိုပါသည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ၊ ၃၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာလိုက်သည့် ဒဏ်ခတ်ပိတ်ဆို့မှုများသည် စစ်အုပ်စု၏ ဘဏ္ဍာငွေ၊ စစ်လက်နက်၊ စစ်အသုံးအဆောင်ပစ္စည်းနှင့် လေယာဉ်ဆီရင်းမြစ်များအပေါ် ပစ်မှတ်ထားအရေးယူရာတွင် အရေးပါသည့်တိုင် မြန်မာပြည်သူလူထုအပေါ် စစ်အုပ်စု၏ အကြမ်းဖက် စစ်ဆင်ရေး ဆက်လက်လုပ်ဆောင်နိုင်စွမ်းအား ဖြိုခွဲဖျက်ဆီးရန်အတွက် ပိုမိုကောင်းမွန်သည့် ညှိနှိုင်း ဆောင်ရွက်မှုများနှင့် နောက်ထပ်ဒဏ်ခတ်ပိတ်ဆို့မှုများလည်း လိုအပ်ပါသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) အပေါ် အလုံးစုံဒဏ်ခတ်ပိတ်ဆို့မှုများ၊ စစ်အုပ်စု ထိန်းချုပ်ထားသည့် သတ္တုတွင်းလုပ်ငန်းများအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများ၊ မြန်မာနိုင်ငံအပေါ် လေယာဉ်ဆီ ရောင်းချမှုအပေါ် တားမြစ်ပိတ်ပင်မှု၊ ဘဏ္ဍာငွေစီးဆင်းရေးနှင့် စစ်လက်နက်ဝယ်ယူရေးအတွက် စစ်အုပ်စုက အသုံးပြုသည့် ဘဏ်များအပေါ် အရေးယူဆောင်ရွက်မှုများကို ဦးစားပေးလုပ်ဆောင်ရမည်။ ထို့အပြင် စစ်အုပ်စုခရိုနီများနှင့် လက်နက်ပွဲစား ကွန်ရက်တစ်ခုလုံးအပေါ် ပေါင်းစပ်ညှိနှိုင်း၍ လုပ်ဆောင်သည့် ဒဏ်ခတ်ပိတ်ဆို့မှုများလည်း လုပ်ဆောင်ရပါမည်။ ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ရမည့် ပစ်မှတ်များ၏ အသေးစိတ်အချက်အလက်များကို Justice For Myanmar ဝက်ဘ်ဆိုဒ်တွင် ဖော်ပြထား သည်။

စစ်တပ်၏ အာဏာသိမ်းကြိုးပမ်းမှုနှင့် ကျူးလွန်လျက်ရှိသည့် စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို တုန့်ပြန်သောအားဖြင့် ဩစတြေးလျ၊ ဂျပန်၊ နယူးဇီလန်၊ စင်ကာပူနှင့် တောင်ကိုရီးယားနိုင်ငံတို့၏ အရေးယူဆောင်ရွက်မှုမရှိခြင်းအပေါ် ကျွန်ုပ်တို့ စိတ်ပျက်နေရဆဲဖြစ်ပြီး၊

အဆိုပါနိုင်ငံများအနေဖြင့် အရေးယူဆောင်ရွက်မှုများကိုချက်ချင်း လုပ်ဆောင်ရန် တိုက်တွန်းပါသည်။ ယခုနောက်ဆုံးချမှတ်လိုက်သည့် ဒဏ်ခတ်ပိတ်ဆို့ခံရသူအများစုသည် စင်ကာပူနိုင်ငံနှင့် စီးပွားရေးဆိုင်ရာ ဆက်နွယ်မှုများ ဆက်လက်ရှိနေဆဲ ဖြစ်ပါသည်။ စင်ကာပူအစိုးရအနေဖြင့် စစ်အုပ်စု၏ ဘဏ္ဍာငွေ၊ စစ်လက်နက်၊ စစ်အသုံးအဆောင်ပစ္စည်းများနှင့် လေယာဉ်ဆီများ ရရှိနေမှုအပေါ် ပိတ်ဆို့ရန်အတွက် ယခုထက် ပိုမိုလုပ်ဆောင်ရန် တောင်းဆိုပါသည်။

စစ်အုပ်စု၏ တရားမဝင်အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း လူပေါင်း ၄၁၀၀ ကျော်သည် စစ်အုပ်စု၏ သတ်ဖြတ်ခြင်းခံခဲ့ရပြီး၊ ၂၅၀၀၀ ကျော် ဖမ်းဆီးခံခဲ့ရသည်။ စစ်အုပ်စုသည် ၎င်းတို့၏ အာဏာသိမ်းကြိုးပမ်းမှုအပေါ် မြန်မာပြည်သူလူထု၏ နိုင်ငံတဝန်း တခဲနက်ခုခံမှုကို ရင်ဆိုင်ရချိန်တွင် အရပ်သား ပြည်သူများအပေါ် မဆင်မခြင် လေကြောင်းတိုက်ခိုက်မှုများ၊ ဗုံးကြဲတိုက်ခိုက်မှုများ၊ လူပေါင်းများစွာအား တရားဥပဒေမဲ့ ဖမ်းဆီးခြင်းများ၊ ညှဉ်းပမ်းနှိပ်စက်မှုများ၊ မုဒိမ်းကျင့်မှုများ၊ ပြည်သူလူထု၏ ရပ်ရွာတစ်ခုလုံးအား ဖျက်ဆီးမှုများနှင့် အဓမ္မအင်အားသုံး ရွှေ့ပြောင်းစေမှုများကို ပြင်းပြင်းထန်ထန် ကျူးလွန်နေပါသည်။

စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်မှုများအား ရပ်တန့်ရန်နှင့် ဖက်ဒရယ်ဒီမိုကရေစီအရေးအတွက် မြန်မာပြည်သူလူထု၏ ကြိုးပမ်းအားထုတ်နေမှုများကို ပံ့ပိုးကူညီပေးရန်အတွက် နိုင်ငံတကာ၏ အရေးယူဆောင်ရွက်မှုများကို အရှိန်မြှင့်လုပ်ဆောင်ရန် လိုအပ်ပါသည်။

ယခင်က ချမှတ်ထားသည့် ဒဏ်ခတ်ပိတ်ဆို့မှုများနှင့်အတူ ယခုသီတင်းပတ်အတွင်း စစ်အုပ်စု၏ ဘဏ္ဍာငွေ၊ စစ်လက်နက်၊ စစ်အသုံးအဆောင်နှင့် လေယာဉ်ဆီရင်းမြစ်များအပေါ် ပစ်မှတ်ထား ချမှတ်လိုက်သည့် ဒဏ်ခတ်ပိတ်ဆို့မှုများတွင် အောက်ပါတို့ ပါဝင်သည်။

**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE)** - စစ်အုပ်စုက တရားမဝင် ထိန်းချုပ်ထားသော နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအပေါ် အမေရိကန် ပြည်ထောင်စုက ပထမဆုံးအကြိမ်အဖြစ် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဘဏ္ဍာငွေဝန်ဆောင်မှုပေးအပ်ခြင်းများအပေါ် တားမြစ်လိုက်သည့် ညွှန်ကြားချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပြီး၊ ယင်းညွှန်ကြားချက်သည် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် စတင် အသက်ဝင်မည် ဖြစ်သည်။ ယခုသို့ ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ခြင်းသည် မြန်မာပြည်သူလူထု၊ အရပ်ဘက်အဖွဲ့အစည်းနှင့် မဟာမိတ်များ၏ အစဉ်တစိုက် တောင်းဆိုမှုများကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ဘဏ္ဍာရေးဝန်ဆောင်မှုများအပေါ် တားမြစ်လိုက်သည့် ညွှန်ကြားချက်သည် စစ်အုပ်စုထံ ဘဏ္ဍာငွေစီးဆင်းမှုကို ဟန့်တားရန်အတွက် အရေးကြီးသည့် ခြေလှမ်းတစ်ရပ်ဖြစ်သော်လည်း MOGE ၏ ပိုင်ဆိုင်မှုများအား ထိန်းချုပ်နိုင်မည့်၊ စစ်အုပ်စုထိန်းချုပ်ထားသော အဆိုပါနိုင်ငံပိုင်စီးပွားရေးလုပ်ငန်းနှင့် ကုန်သွယ်မှုအားလုံးကို ပိတ်ဆို့နိုင်မည့် အလုံးစုံဒဏ်ခတ်ပိတ်ဆို့မှုများဖြစ်ရန်အတွက်မူ လုံလောက်မှုမရှိသေးပေ။

MOGE အပေါ် အီးယူက ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ထားပြီး ဖြစ်ပါသည်။

**အမှတ် (၁) သတ္တုတွင်းလုပ်ငန်း (ME1) နှင့် အမှတ် (၂) သတ္တုတွင်းလုပ်ငန်း (ME2)** - စစ်အုပ်စုကတရားမဝင် ထိန်းချုပ်ထားသည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများဖြစ်ပြီး၊ ကနေဒါနိုင်ငံက ဒဏ်ခတ်ပိတ်ဆို့မှုချမှတ်ခဲ့သည်။ ME1 နှင့် ME2 တို့သည် သတ္တုတူးဖော်ရေးကဏ္ဍကို ချုပ်ကိုင်ချယ်လှယ်ထားပြီး၊ ပုဂ္ဂလိကသတ္တုတူးဖော်ရေးကုမ္ပဏီများထံမှ ဝင်ငွေရှယ်ယာများကို ရရှိကာ၊ စစ်အုပ်စုအတွက် ကြီးမားသည့်အခွန်ဝင်ငွေပမာဏများကို ရရှိစေသည်။

ME1 နှင့် ME2 အပေါ် အမေရိကန်ပြည်ထောင်စုနှင့် အီးယူတို့က ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ထားပြီးဖြစ်သည်။

**International Group of Entrepreneur Services Company Limited (IGE)** – မြန်မာစစ်အုပ်စုနှင့်စီးပွားရေးလုပ်ဆောင်မှုကြောင့် ယူကေနိုင်ငံက ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်လိုက်သည့် ခရိုနီကုမ္ပဏီတစ်ခုဖြစ်ပြီး၊ International Group of Entrepreneur Company Limited ၏ ကုမ္ပဏီခွဲတစ်ခု ဖြစ်သည်။ IGE Group သည် ယခင်စစ်အုပ်စုဝန်ကြီးဟောင်း အောင်သောင်း၏ သားဖြစ်သူ၊ လက်ရှိစစ်အုပ်စု၏ ရေတပ်ကာကွယ်ရေးဦးစီးချုပ် မိုးအောင်၏ အစ်ကို နေအောင်က ဦးဆောင်နေသည့် ခရိုနီစီးပွားရေးလုပ်ငန်းစုကြီးဖြစ်သည်။ IGE သည် မြန်မာစစ်အုပ်စု၏ စစ်ထောက်ချုပ်ရုံးထံမှ ငှားရမ်းထားသည့် မြေနေရာပေါ်တွင်တည်ဆောက်ထားသည့် Lotte Hotel လုပ်ငန်း အပါအဝင် စစ်တပ်နှင့် နက်ရှိုင်းသည့် စီးပွားရေးဆက်နွှယ်မှုများ ရှိကြောင်း Justice For Myanmar က <u>ရေးသားထုတ်ပြန်ခဲ့ပြီး</u> ဖြစ်သည်။

IGE Group တွင် စင်ကာပူနိုင်ငံ၌ မှတ်ပုံတင်ထားဆဲဖြစ်သည့် ကုမ္ပဏီ အနည်းဆုံး ၃ ခုရှိပြီး၊ IGE Pte Ltd, UNOG Pte Ltd နှင့် IPL Pte Ltd. တို့ ဖြစ်ပါသည်။

International Group of Entrepreneur Company Limited အပေါ် EU က ဒဏ်ခတ်ပိတ်ဆို့မှုများချမှတ်ထားပြီး ဖြစ်သည်။

**ရွှေဖျိုင်းဖြူအုပ်စုနှင့် သိန်းဝင်းဇော်** - ခရိုနီစီးပွားရေးလုပ်ငန်းစုကြီးဖြစ်သည့် ရွှေဖျိုင်းဖြူအုပ်စုကို သိန်းဝင်းဇော်က တည်ထောင်ထားပြီး ဥက္ကဋ္ဌ အဖြစ်လည်း တာဝန်ယူထားသည်။ ကနေဒါနိုင်ငံမှ ကုမ္ပဏီနှင့် ဥက္ကဋ္ဌ နှစ်ခုလုံးကို ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ထားသည်။ ရွှေဖျိုင်းဖြူသည် တယ်လီနောမြန်မာအား ဝယ်ယူခဲ့ပြီး၊ ATOM Myanmar အဖြစ် နာမည်ပြောင်းခဲ့သည်။ ယင်းတယ်လီကွန်းလုပ်ငန်းက စစ်အုပ်စု အတွက် စောင့်ကြည့် ထောက်လှမ်းရေးစွမ်းရည်ကို မြှင့်တင်ပေးပြီး၊ သုံးစွဲသူပြည်သူများ၏ ပုဂ္ဂိုလ်ရေး ဆိုင်ရာ အချက်အလက်များကို ရယူအသုံးပြုစေသည်။ Justice For Myanmar သည် ရွှေဖျိုင်းဖြူအုပ်စုနှင့် သိန်းဝင်းဇော်တို့၏ စီးပွားရေးလုပ်ငန်းများကို <u>ဖော်ထုတ်</u>ထားသည်။

ရွှေဖျိုင်းဖြူသည် စင်ကာပူ၌ မှတ်ပုံတင်ထားသည့် Investcom Pte Ltd. ကို ပိုင်ဆိုင်ထားသည်။

ရွှေဖျိုင်းဖြူအုပ်စုနှင့် သိန်းဝင်းဇော်တို့အပေါ် ပထမဆုံးအကြိမ် ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ခြင်း ဖြစ်သည်။

**Star Sapphire Group of Companies, Star Sapphire Trading Company Limited ၊ ထွန်းမင်းလတ်နှင့် ဝင်းမင်းစိုး** - ၎င်းတို့အားလုံးအပေါ် ကနေဒါနိုင်ငံက ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ် ထားပြီးဖြစ်သည်။ ၎င်းစီးပွားရေးအုပ်စုသည် ကာစီနို၊ ဟိုတယ်နှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများ အပါအဝင် မြန်မာစစ်အုပ်စုအတွက် ဘဏ္ဍာငွေရှာဖွေပေးနေသည့် စီးပွားရေးလုပ်ငန်းများစွာကို ပိုင်ဆိုင် ထားသည်။ Star Sapphire Group of Companies နှင့် ၎င်း၏ ကုမ္ပဏီခွဲ Star Sapphire Trading သည် အထူးသဖြင့် တရုတ်နှင့် အစ္စရေးနိုင်ငံများမှ စစ်လက်နက်နှင့် စစ်အသုံးအဆောင်ပစ္စည်းများကို မြန်မာ စစ်အုပ်စုသို့ အဓိကတင်သွင်းပေးနေသည်။ အဆိုပါ စီးပွားရေးအုပ်စုကို ထွန်းမင်းလတ်နှင့် ဝင်းမင်းစိုးတို့ ဇနီးမောင်နှံက ပိုင်ဆိုင်သည်။ ထွန်းမင်းလတ်နှင့် ဝင်းမင်းစိုးတို့သည် စစ်အုပ်စုခေါင်းဆောင် မင်းအောင်လှိုင် အပြင် သားသမီးတို့နှင့်ပါ ရင်းနှီးသည့် မိတ်ဆွေများ ဖြစ်ကြသည်။ ထွန်းမင်းလတ်သည် မူးယစ်ဆေးဝါး မှောင်ခိုရောင်းချမှုနှင့် ငွေကြေးခဝါချမှု <u>စွဲချက်များ</u>ဖြင့် ထိုင်းနိုင်ငံ အချုပ်ထောင်အတွင်း ရောက်ရှိနေသည်။ Star Sapphire Group နှင့် မြန်မာစစ်အုပ်စုတို့အကြား <u>စီးပွားရေးလုပ်ငန်းများ</u>၊ <u>မင်းအောင်လှိုင်မိသားစုနှင့် ဆက်နွယ်မှုများ</u>ကို Justice For Myanmar က ဖော်ထုတ်ထားသည်။

Star Sapphire Group ပိုင်ဆိုင်သည့် Star Sapphire Group Pte Ltd, သည် စင်ကာပူနိုင်ငံတွင် မှတ်ပုံတင်ထားဆဲဖြစ်သည်။

Star Sapphire Group of Companies နှင့် ထွန်းမင်းလတ်တို့အပေါ် ယူကေနှင့် အမေရိကန်ပြည်ထောင်စုတို့က ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ထားခဲ့ပြီး အမေရိကန်ပြည်ထောင်စုက Star Sapphire Trading Company နှင့် ဝင်းမင်းစိုးတို့အပေါ်တွင်လည်း ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ထားပြီး ဖြစ်သည်။

**Cargo Link Petroleum Logistics Company Limited နှင့် ခင်ဖြူဝင်း** - ကနေဒါနိုင်ငံက ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်လိုက်သည့် Cargo Link Petroleum Logistics (ယခင် Cargo Link Pongrawe Logistics Company Limited) သည် Shoon Group of Companies (ယခင် Asia Sun) ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ Shoon Group သည် လေယာဉ်ဆီ တင်သွင်းခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးခြင်းတို့တွင် စစ်အုပ်စု၏ အဓိကမိတ်ဖက်ဖြစ်သည်။ ယင်းကုမ္ပဏီအုပ်စုကို ခင်ဖြူဝင်းက ဦးဆောင်ပြီး၊ ၎င်းကိုလည်း ကနေဒါနိုင်ငံက ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ခဲ့သည်။

Cargo Link Petroleum Logistics သည် စစ်အုပ်စုအတွက် လေယာဉ်ဆီများကို မြန်မာနိုင်ငံတစ်ဝှမ်းရှိ စစ်အခြေစိုက်စခန်းများနှင့် လေဆိပ်များသို့ အဓိက သယ်ယူပို့ဆောင်ပေးနေသည့် ကုမ္ပဏီဖြစ်သည်။ မြန်မာစစ်အုပ်စု အတွက် လေယာဉ်ဆီတင်သွင်းထောက်ပံ့ရာတွင် Cargo Link Petroleum Logistics နှင့် ခင်ဖြူဝင်းတို့၏ အခန်း ကဏ္ဍကို Amnesty International နှင့် Justice For Myanmar က ဖော်ထုတ်ထားသည်။

Shoon Group သည် Shoon Energy Pte Ltd, P.E.I. Energy Pte Ltd နှင့် PEIA Pte Ltd. အမည်များဖြင့် စင်ကာပူနိုင်ငံတွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီ သုံးခုကို ပိုင်ဆိုင်ထားသည်။

Cargo Link Petroleum Logistics အပေါ် အမေရိကန်ပြည်ထောင်စုက ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ထားခဲ့ပြီး၊ ၎င်း၏ မိခင်ကုမ္ပဏီ Cargo Link Company Limitedကို ယူကေနိုင်ငံက ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ထားသည်။ ခင်ဖြူဝင်းအပေါ် အမေရိကန်ပြည်ထောင်စုနှင့် ယူကေတို့က ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ထားပြီး ဖြစ်သည်။

စစ်အုပ်စု၏ အဆင်ခြင်မဲ့ လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်နိုင်ရန် လိုအပ်သည့် လေယာဉ်ဆီများရရှိနေမှုကို ရပ်တန့်ရန်အတွက် အရေးယူဆောင်ရွက်ရာတွင် ကနေဒါနိုင်ငံသည် ဆက်လက်ဦးဆောင် လျက်ရှိသည်။ အောက်တိုဘာလ ၃၁ ရက်နေ့တွင် ကနေဒါနိုင်ငံက မြန်မာနိုင်ငံသို့ လေယာဉ်ဆီတင်ပို့မှုများအတွက် ကုန်တင်ပို့မှု အာမခံပေးအပ်ခြင်းအား တားမြစ်ပိတ်ပင်မှုတစ်ရပ် ထည့်သွင်းလိုက်ပြီး ၎င်းတို့၏ လေယာဉ်ဆီရောင်းချမှု ပိတ်ပင်ရေးလုပ်ငန်းစဉ်ကို တိုးချဲ့ခဲ့သည်။

**Sky Aviator ကုမ္ပဏီလီမိတက်၊ Heli Eagle ကုမ္ပဏီလီမိတက်၊ Sky Royal Hero Limited၊ ကျော်မင်းဦးနှင့် မျိုးမင်းဦး-** မြန်မာစစ်အုပ်စုအတွက် လေကြောင်းဆိုင်ရာပစ္စည်းများ အဓိက တင်သွင်းပေးသူများဖြစ်ပြီး၊ ၎င်းတို့အားလုံးကို ကနေဒါနိုင်ငံက ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်လိုက်သည်။ Sky Aviator ကို ကျော်မင်းဦးက ပိုင်ဆိုင်ပြီး၊ ဆက်နွယ်ကုမ္ပဏီဖြစ်သည့် Heli Eagle ကို ညီဖြစ်သူ မျိုးမင်းဦးက ပိုင်ဆိုင်ကြောင်း Justice For Myanmar ၏ သတင်းရင်းမြစ်များအရ သိရသည်။ ကျော်မင်းဦးကို ယူကေနိုင်ငံကလည်း ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်လိုက်သည်။ စစ်အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း Sky Aviator ကုမ္ပဏီသည် ရုရှားနှင့် ယူကရိန်းတို့မှ YAK-130 အစိတ်ပိုင်းများ၊ အင်ဂျင်များနှင့် အပိုပစ္စည်းများ အပါအဝင် စက်ပစ္စည်းများ ဝယ်ယူခဲ့သည်။ <u>Yak-130</u> လေယာဉ်များကို ကလေးငယ်များအပါအဝင် အနည်းဆုံး လူပေါင်း ၁၆၈ ဦး သေဆုံးခဲ့ရသော အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း လူအသေအပျောက် အများဆုံး <u>လေကြောင်းအကြမ်းဖက်မှု</u>ဖြစ်သည့် စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ ပဇီကြီးရွာအား အဆင်ခြင်မဲ့ ဆိုးဆိုးရွားရွား လေကြောင်းတိုက်ခိုက်မှုနှင့် အများပြည်သူနေရာများအပေါ် စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများတွင် ပိုမိုအသုံးပြုလာခဲ့သည်။ မြန်မာစစ်အုပ်စုနှင့် Sky Aviator တို့အကြား စီးပွားရေးလုပ်ငန်းများကို <u>Justice For Myanmar</u> နှင့် <u>မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်</u>တို့က ဖော်ထုတ်ထားပြီး ဖြစ်သည်။

Heli Eagle နှင့် Sky Royal Hero တို့သည် အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း မြန်မာစစ်အုပ်စုထံ စက်ပစ္စည်းကိရိယာများ တင်သွင်းထားကြောင်း မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ အစီရင်ခံစာအရ သိရသည်။ Sky Aviator နှင့် Heli Eagle ကုမ္ပဏီနှစ်ခုလုံးသည် မြန်မာစစ်အုပ်စု၏ ပစ္စည်းဝယ်ယူမှုညွှန်ကြားရေးရုံးတွင် ပစ္စည်းတင်သွင်းသူများအဖြစ် မှတ်ပုံတင်ထားပြီး၊ တူညီသည့် ဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာများ အသုံးပြုထားသည်။ ကုလသမဂ္ဂအထူးကိုယ်စားလှယ်အဆိုအရ Sky Royal Hero သည် Sky Aviator နှင့် ကုန်သွယ်မှုဆက်ဆံရေးရှိကြောင်း သိရသည်။

Sky Aviator အပေါ် အီးယူ၊ ယူကေနှင့် အမေရိကန်ပြည်ထောင်စုတို့က ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ထားပြီးဖြစ်သည်။ Heli Eagle၊ Sky Royal Hero နှင့် မျိုးမင်းဦးတို့အား ပထမဆုံးအကြိမ် ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ခဲ့ ခြင်း ဖြစ်သည်။

**Myanmar New Era Trading ကုမ္ပဏီလီမိတက်နှင့် နိုင်ထွဋ်အောင်-** Myanmar New Era Trading သည် မြန်မာစစ်အုပ်စုအတွက် ရုရှားနိုင်ငံမှ လေယာဉ်ပစ္စည်းအစိတ်အပိုင်းများကို အရေးပါသည့် တင်သွင်းသူဖြစ်ပြီး၊ ကနေဒါနိုင်ငံက ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်လိုက်သည်။ ကုန်တင်ပို့မှုမှတ်တမ်းများအရ ၂၀၂၇

ခုနှစ် မှ ၂၀၂၀ ခုနှစ်အတွင်း ရုရှားနိုင်ငံမှ Mi-17 (Mi-8M) ရဟတ်ယာဉ်များအတွက် အပိုပစ္စည်းများကို ယင်းကုမ္ပဏီက ဝယ်ယူခဲ့ကြောင်း အတည်ပြုသည်။ Mi-17 ရဟတ်ယာဉ်များကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့က လက်ယက်ကုန်းရွာရှိ စာသင်ကျောင်းနှင့် ဘုန်းကြီးကျောင်းပေါ်သို့ စစ်အုပ်စုက အဆင်ခြင်မဲ့ ဗုံးကျဲတိုက်ခိုက်ခဲ့ခြင်းအပါအဝင် ၎င်းတို့၏ စစ်ရာဇဝတ်မှုများ ကျူးလွန်ရာတွင် မကြာခဏအသုံးပြုခဲ့သည်။ Myanmar New Era Trading Company Limited သည် နိုင်ထွဋ်အောင် ဦးဆောင်သည့် အဓိကကျသည့် စစ်လက်နက်ပွဲစား ကုမ္ပဏီ International Gateways Group ကွန်ရက်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ကနေဒါနိုင်ငံက ဒဏ်ခတ်ပိတ်ဆို့အရေးယူထားသည်။ Myanmar New Era Trading နှင့် International Gateways Group ကွန်ရက်တို့အကြောင်း Justice For Myanmar နှင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်တို့က ဖော်ထုတ်ထားပြီး ဖြစ်သည်။

နိုင်ထွဋ်အောင်၏ ကွန်ရက်အတွင်း စင်ကာပူနိုင်ငံတွင် မှတ်ပုံတင်ထားဆဲဖြစ်သည့် Global Polytech Resources Pte Ltd နှင့် Xinshidai Company Pte. Ltd နာမည်များဖြင့် အနည်းဆုံးကုမ္ပဏီနှစ်ခု ရှိသည်။

Myanmar New Era Trading ကို ယူကေနိုင်ငံက ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ပြီးဖြစ်သည်။ နိုင်ထွဋ်အောင်ကို အမေရိကန်ပြည်ထောင်စုနှင့် အီးယူတို့ကလည်း ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ပြီး ဖြစ်သည်။

**Miya Win International**- ကနေဒါနိုင်ငံက ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်လိုက်သည့် ပုဂ္ဂလိကစစ်လက်နက် ပွဲစား ကုမ္ပဏီ Miya Win International သည် စစ်တပ်၏ အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း အပါအဝင် ဩစတြီးယားနိုင်ငံ၏ Schiebel Corporation ထံမှ မောင်းသူမဲ့လေယာဉ် (ယူအေဗွီ) များနှင့် အပိုပစ္စည်းများကို ဝယ်ယူထားသည်။ ထို့အပြင် Miya Win International သည် မြန်မာနိုင်ငံတွင် DART-450 လေကြောင်း ထောက်လှမ်းရေးလေယာဉ်များ တပ်ဆင်ထုတ်လုပ်နိုင်ရန် စစ်အုပ်စုနှင့် ကနေဒါနိုင်ငံတွင် စက်ရုံရှိသည့် တရုတ်ပိုင် ဩစတြီးယားကုမ္ပဏီ Diamond Aircraft Industries တို့အကြား ညှိနှိုင်းရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ Schiebel Corporation၊ Diamond Aircraft Industries တို့နှင့် Miya Win International တို့အကြား စီးပွားရေးလုပ်ငန်းများအကြောင်းကို Justice For Myanmar က ထုတ်ဖော်ထားပြီး ဖြစ်သည်။

Miya Win International ကို ယူကေနိုင်ငံက ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ထားပြီး ဖြစ်သည်။

**Creative Exploration Limited** - ကနေဒါနိုင်ငံက ဒဏ်ခတ်ပိတ်ဆို့မှုချမှတ်လိုက်သည့် ယင်းလက်နက်ပွဲစား ကုမ္ပဏီသည် စစ်အာဏာသိမ်းမှုနောက်ပိုင်းအပါအဝင် မြန်မာစစ်အုပ်စုအတွက်

အိန္ဒိယနိုင်ငံမှ စနက်တံများ တင်သွင်းခဲ့ကြောင်း Justice For Myanmar က ဖော်ထုတ်ထားပြီး ဖြစ်သည်။ Creative Exploration Limited ၏ ယခင်နာမည်ကို My Space သို့မဟုတ် mySpace ဟု သိကြသည်။ ယင်းကုမ္ပဏီသည် အမေရိကန်ပြည်ထောင်စုမှ ဒစ်ဂျစ်တယ် စုံစမ်းစစ်ဆေးမှုဆိုင်ရာနည်းပညာကိုလည်း တင်သွင်းခဲ့သည်။

Creative Exploration Limited ကို ပထမဆုံးအကြိမ် ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ခြင်း ဖြစ်သည်။

**Life and Challenge Company Limited** - ကနေဒါနိုင်ငံမှ ဒဏ်ခတ်ပိတ်ဆို့မှုချမှတ်လိုက်သည့် ယင်းကုမ္ပဏီသည် မြန်မာစစ်အုပ်စုနှင့် ရဲတပ်ဖွဲ့အတွက် နည်းပညာ၊ စက်ကိရိယာများနှင့် လေ့ကျင့်ရေးများ ပံ့ပိုးပေးနေသည့် ကုမ္ပဏီဖြစ်သည်။ ၂၀၁၈ ခုနှစ်တွင် Life and Challenge သည် မြန်မာ့စစ်အုပ်စု အတွက် ရေဒါစွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး ပရိုဂရမ်ကို ဒီဇိုင်းရေးဆွဲ၍ ပေးအပ်ရန် စာချုပ်တစ်ရပ်ကို ရရှိခဲ့သည်။ Justice For Myanmar သည် စစ်တပ် နှင့် Life and Challenge တို့အကြား စီးပွားရေးလုပ်ငန်းကို ဖော်ထုတ်ခဲ့သည်။

Life and Challenge သည် စင်ကာပူနိုင်ငံတွင် မှတ်ပုံတင်ထားဆဲဖြစ်သည့် LANC Pte Ltd ကို ပိုင်ဆိုင်သည်။

Life and Challenge ကို ပထမဆုံးအကြိမ် ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ခြင်း ဖြစ်သည်။

**Synpex Shwe Company Limited** - ကနေဒါနိုင်ငံက ဒဏ်ခတ်ပိတ်ဆို့မှုချမှတ်လိုက်သည့် ယင်းလက်နက်ပွဲစား ကုမ္ပဏီသည် စစ်တပ်၏ အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း မြန်မာ့လေတပ်အတွက် ရုရှားနိုင်ငံမှ ပစ္စည်းများ ဝယ်ယူပေးခဲ့ပြီး၊ မြန်မာစစ်အုပ်စု ပြည်တွင်း စစ်လက်နက်ထုတ်လုပ်ရေးစက်ရုံများ အတွက် ကုန်ကြမ်းပစ္စည်းများ တင်သွင်းသည့် ကုမ္ပဏီဖြစ်သည်။ မြန်မာစစ်အုပ်စု၏ လက်နက် ထောက်ပံ့ရေး ကွင်းဆက်တွင် Synpex Shwe ၏ ပါဝင်ပတ်သက်မှုကို Justice For Myanmar နှင့် မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂအထူးကိုယ်စားလှယ်တို့က ဖော်ထုတ်ထားပြီး ဖြစ်သည်။

Synpex Shwe သည် စင်ကာပူနိုင်ငံတွင် မှတ်ပုံတင်ထားဆဲဖြစ်သည့် Synergy Tripexin Pte Lte ကို ပိုင်ဆိုင်ထားသည်။

Synpex Shwe ကို ယူကေနိုင်ငံက ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ထားပြီး ဖြစ်သည်။

**Suntac Group of Companies၊ Suntac Technologies Company Limited၊ Suntac International Trading Company Limited နှင့် စစ်တိုင်းအောင်** - မြန်မာစစ်အုပ်စုထံ ပစ္စည်းများ ပေးသွင်းမှုအတွက် Suntac Technologies Company Limited နှင့် Suntac International Trading Company Limited တို့ကို အမေရိကန်ပြည်ထောင်စုက ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ထားသည့်အချိန်တွင် Suntac Group of Companies ကို ကနေဒါနိုင်ငံက ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ခဲ့သည်။ Suntac Group of Companies ကို ယူကေနိုင်ငံက ဒဏ်ခတ်ပိတ်ဆို့ထားသည့် စစ်တိုင်းအောင်က ပိုင်ဆိုင်သည်။ စစ်တိုင်းအောင်သည် မြန်မာနိုင်ငံဆိုင်ရာ မက္ကစီကိုနိုင်ငံ၏ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် တစ်ဦး ဖြစ်သည်။ လေယာဉ်ပစ္စည်းများ ဝယ်ယူရာတွင် စစ်တိုင်းအောင်နှင့် Suntac ကုမ္ပဏီတို့၏ ပါဝင်မှုအကြောင်း Justice For Myanmar နှင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်တို့ က ဖော်ထုတ်ထားခဲ့ပြီး၊ စစ်အုပ်စု၏ စစ်လက်နက်ထုတ်လုပ်ရေးတွင် Suntac ၏ ပါဝင်ပတ်သက်မှုကို မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီက ထုတ်ဖော်ခဲ့ပြီး ဖြစ်သည်။

စစ်တိုင်းအောင်ကို အမေရိကန်ပြည်ထောင်စု၊ ကနေဒါနှင့် အီးယူတို့က ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ထားပြီး ဖြစ်သည်။

**Mottama Holdings Limited နှင့် Min Dhama Steel Structures Limited** – Mottama Holdings သည် ခရိုနီ စီးပွားရေးလုပ်ငန်းစုကြီးတစ်ခုဖြစ်ပြီး၊ ၎င်း၏ ကုမ္ပဏီခွဲ Min Dhama Steel Structures နှင့် အတူ ကနေဒါနိုင်ငံက ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်လိုက်သည်။ ယင်းကုမ္ပဏီများသည် မြန်မာစစ်အုပ်စု၏ ပြည်တွင်းစစ်လက်နက်ထုတ်လုပ်ရေး စက်ရုံများအတွက် ကုန်ကြမ်းပစ္စည်းများနှင့် စက်ပစ္စည်းများ တင်သွင်းပေးကြောင်း မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးကောင်စီနှင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်တို့က ဖော်ထုတ်ထားသည်။ Justice For Myanmar က ရရှိသည့် အထောက်အထားများအရ စစ်ကောင်စီ၏ ၎င်းတို့အခေါ် ဂုဏ်ထူးဆောင်ခန်းမ တည်ဆောက်ရေးအတွက် သံမဏိများ တင်သွင်းရာတွင် ပါဝင်ကြောင်း ဖော်ပြနေသည်။

Mottama Holdings နှင့် Min Dhama Steel Structures တို့ကို ပထမဆုံးအကြိမ် ဒဏ်ခတ်ပိတ်ဆို့ခြင်း ဖြစ်သည်။

**ဘုန်းမင်းမြတ်ကုမ္ပဏီနှင့် Ever Meter Company Limited** - ကနေဒါနိုင်ငံက ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်လိုက်သည့် ယင်းကုမ္ပဏီနှစ်ခုကို စစ်အုပ်စု၏ စီးပွားရေးလုပ်ငန်းစုကြီးဖြစ်သည့် မြန်မာ့စီးပွားရေး

ဦးပိုင်လီမိတက် (ဦးပိုင်) က နိုင်ငံတကာဒဏ်ခတ်ပိတ်ဆို့မှုများ ရှောင်ရှားရန်ကြိုးပမ်းရာတွင် အသုံးပြုကြောင်း မြန်မာနောင်း၏ သတင်းဖော်ပြချက်အရ သိရသည်။ ဘုန်းမင်းမြတ်ကုမ္ပဏီကို စစ်အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်းတွင် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး၊ ဦးပိုင်လုပ်ငန်းစု၏ ကုမ္ပဏီခွဲ Myawaddy Trading အတွက် ရှေ့ထွက်ကုမ္ပဏီတစ်ခုဖြစ်ကြောင်း ပြောဆိုမှုများရှိသည့်အပြင် လောင်စာဆီနှင့် စားအုံးဆီများ တင်သွင်းရာတွင် အသုံးပြုခဲ့သည်။ Same Sky Group of Companies ၏ အစိတ်အပိုင်းဖြစ်သည့် Ever Meter Company Limited သည် ဦးပိုင်လုပ်ငန်းစု၏ မိတ်ဖက်ကုမ္ပဏီတစ်ခုဖြစ်ပြီး၊ ငွေပေးချေမှုများ အတွက် ရှေ့ထွက်ကုမ္ပဏီအဖြစ် အသုံးပြုကြောင်း မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ အစီရင်ခံစာအရ သိရသည်။ Ever Meter သည် ဦးပိုင်လုပ်ငန်းစုအတွက် လျှပ်စစ်မီတာများကို ကာလရှည်ကတည်းက တင်သွင်းသည့်ကုမ္ပဏီဖြစ်သည်။

ဘုန်းမင်းမြတ်ကုမ္ပဏီနှင့် Ever Meter ကုမ္ပဏီများကို ပထမဆုံးအကြိမ် ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ခြင်း ဖြစ်သည်။

**ပြည့်ဖြိုးတေဇနှင့် ထူးထက်တေဇ** - မြန်မာစစ်အုပ်စုအပြင် ၎င်း၏စီးပွားရေးလုပ်ငန်းစုကြီးများနှင့် စီးပွားရေးလုပ်ငန်းပေါင်း များစွာရှိသည့် ထူးကုမ္ပဏီအုပ်စုတွင် ပါဝင်ပတ်သက်မှုအတွက် တေဇ၏သား ၂ ဦး အပေါ် ယူကေနိုင်ငံက ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ခဲ့သည်။ ပြည့်ဖြိုးတေဇအပေါ် ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ထားသည့် ကနေဒါနိုင်ငံက ထူးထက်တေဇကိုလည်း ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ခဲ့ခြင်း ဖြစ်သည်။ မြန်မာစစ်အုပ်စုနှင့် ထူးအုပ်စုအကြား စီးပွားရေးလုပ်ငန်းများ၊ အဆိုပါလုပ်ငန်းများတွင် ပြည့်ဖြိုးတေဇနှင့် ထူးထက်တေဇတို့၏ အခန်းကဏ္ဍတို့ကို Justice For Myanmar က အသေးစိတ်ဖော်ပြခဲ့ပြီး ဖြစ်သည်။

ယင်းညီအစ်ကိုနှစ်ဦးအား အမေရိကန်ပြည်ထောင်စုက ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ထားပြီး ဖြစ်သည်။

**မျိုးသစ္စာ** - မြန်မာစစ်အုပ်စု၏ စစ်လက်နက်ပွဲစားကုမ္ပဏီ Dynasty International Company Limited ၏ ဒါရိုက်တာတစ်ဦးဖြစ်ပြီး၊ ၎င်းအား ယူကေနိုင်ငံက ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ခဲ့သည်။ Dynasty International သည် ဘယ်လာရုစ်နိုင်ငံမှ မြန်မာစစ်အုပ်စုအတွက် စစ်လက်နက်များ ဝယ်ယူ ပေးနေသည့် အဓိကစစ်လက်နက်ပွဲစား ကုမ္ပဏီတစ်ခု ဖြစ်သည်။ Dynasty International Company Limited ၏ မသမာသည့် စီးပွားရေးလုပ်ငန်းများတွင် Mi-17 ရဟတ်ယာဉ် အပို စက်ပစ္စည်းအစိတ်အပိုင်းများ တင်သွင်းခြင်းလည်းပါဝင်သည်။ Dynasty International Company Limited ကို မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ် ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ဖြစ်သူ အောင်မိုးမြင့်က ဦးဆောင်သည်။ မြန်မာစစ်အုပ်စုနှင့်

Dynasty International ကုမ္ပဏီတို့အကြား စီးပွားရေးလုပ်ငန်းများကို Justice For Myanmar က ဖော်ထုတ်ထားသည်။

Dynasty International သည် Dynasty Excellency Pte Ltd အမည်ဖြင့် စင်ကာပူနိုင်ငံတွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီတစ်ခု ပိုင်ဆိုင်ထားသည်။

မျိုးသစ္စာကို အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့က ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ထားပြီးဖြစ်သည်။

## ပိုမိုသိရှိရန်

အမေရိကန်ပြည်ထောင်စု၏ ဒဏ်ခတ်ပိတ်ဆို့မှုကြေညာချက်ကို ယခုနေရာတွင် ဖတ်ရှုပါ။
ကနေဒါနိုင်ငံ၏ ဒဏ်ခတ်ပိတ်ဆို့မှုကြေညာချက်ကို ယခုနေရာတွင် ဖတ်ရှုပါ။
ယူကေနိုင်ငံ၏ ဒဏ်ခတ်ပိတ်ဆို့မှု ကြေညာချက်ကို ယခုနေရာတွင် ဖတ်ရှုပါ။

Justice For Myanmar သည် မြန်မာနိုင်ငံပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေးလှုပ်ရှားမှုကို လှုံ့ဆော်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်ပြီး စစ်ဘက်ဆိုင်ရာစီးပွားရေးကို ရပ်တန့်ရန်နှင့် ဖက်ဒရယ် ဒီမိုကရေစီနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် တောင်းဆိုထားသည်။

**Justice For Myanmar** | media@justiceformyanmar.org

https://www.justiceformyanmar.org/ | Mirror:

https://justiceformyanmar.github.io/justiceformyanmar.org/

https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/